၁၉၇၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အာဏာရှင်စနစ်ဆန့်ကျင်ခဲ့သူ မြန်မာကျောင်းသား ခေါင်းဆောင် ဆလိုင်းတင်မောင်ဦးအား ကြိုးပေးကွက်မျက်သည့်နေ့ (၄၇) ကြိမ်မြောက် နှစ်ပတ်လည်နေ့အတွက် ဒေါက်တာဆာဆာ၏ သတင်းစကား။

၂၀၂၃ ခုနှစ် ဇွန်လ ၂၆ ရက်နေ့

ဆလိုင်းတင်မောင်ဦး၏ ကျော်ကြားသည့် ပြောဆိုချက်မှာ "မင်းတို့ ငါ့ခန္ဓာကိုယ်ကိုသာ သတ်လို့ရမယ်၊ ငါ့ယုံကြည်ချက်နဲ့ ရပ်တည်ချက်ကို သတ်လို့မရဘူး"။

လွန်ခဲ့သော ၁၉၇၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် စစ်အာဏာရှင်များက အသက် ၂၅ နှစ်အရွယ် ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးအား အင်းစိန်အကျဉ်းထောင်၌ ရက်ရက်စက်စက် ကြိုးပေးကွပ်မျက်ခဲ့ကြသည်။ သူ့အားကြိုးပေးကွပ်မျက်ခြင်းသည် မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီအတွက်ရုန်းကန်မှုတွင် အမှောင်ဆုံး အခန်းကဏ္ဍတစ်ခုဖြစ်သည်ဟု မှတ်သားဖော်ပြခဲ့သည်။ ဆလိုင်းတင်မောင်ဦး၏ တစ်ခုတည်းသော"ရာဇဝတ်မှု"သည် ဖက်ဒရယ်ဒီမိုကရေစီအတွက် သူ၏ယုံကြည်ချက်ကို ဖော်ပြခြင်းနှင့် လူမျိုးတုံး သတ်ဖြတ်သည့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ခြင်းဖြစ်သည်။ သူသည် လွတ်လပ်မှုနှင့် ဖက်ဒရယ် ဒီမိုကရေစီအတွက်တိုက်ပွဲဝင်ခဲ့သော မြန်မာပြည်သူများအတွက် အထက်ပါ သမိုင်းဝင်စကားကို ရဲရဲဝံ့ဝံ့ဆိုခဲ့သူဖြစ်သည်။ ဆလိုင်းတင်မောင်ဦးကို ၁၉၅၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် တောင်ငူမြို့၌ မွေးဖွားခဲ့ပြီး သူသည် မြန်မာ့သမိုင်းတွင် ခက်ခဲသောကာလအတွင်း လူများစွာအတွက် မျှော်လင့်ချက် မီးရှူးတန်ဆောင် ဖြစ်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင်ဖြစ်ပွားခဲ့သော မြန်မာနိုင်ငံ စစ်အာဏာရှင်လက်အောက်သို့ကျရောက်သည့် ခေတ်ကာလအစ ပထမအကြိမ်အာဏာသိမ်းမှုကို သူ့အသက် (၁၁) နှစ်အရွယ်တွင် တွေ့မြင်ခဲ့သည်။ ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ ဆလိုင်းတင်မောင်ဦး အသက် (၂၁) နှစ်အရွယ်တွင် ဖက်ဒရယ်ဒီမိုကရေစီမှုများကို ထောက်ခံအားပေးသည့်အတွက် အာဏာရှင်ဗိုလ်ချုပ်နေဝင်းရဲ့ မတရားဖမ်းဆီးခြင်းကိုခံခဲ့ရသည်။ ရက်စက်ကြမ်းကြုတ်သော အခြေအနေများကို ကြံ့ကြံ့ခံရပ်တည်ပြီးနောက် ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ထောင်မှလွတ်လာခဲ့သည်။ ထို့ပြင် ဆလိုင်းတင်မောင်ဦး

သည် ချင်းအမျိုးသားများ၏ အမှတ်အသားဖြစ်သည့် ချင်းအမျိုးသားများ၏နာမည်ရှေ့တွင် "ဆလိုင်း"ဟူ၍ သော်လည်းကောင်း၊ ချင်းအမျိုးသမီးများ၏အမည်ရှေ့တွင် "မိုင်" ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲရန်အတွက် အဆိုပြုခဲ့ပြီး ထိုအဆိုပြုချက်ကို အတည်ပြုနိုင်ခဲ့ကြသည်။

၁၉၇၄ ခုနှစ် မြန်မာနိုင်ငံ အကျပ်အတည်းကာလအတွင်း ဦးသန့်အရေးခင်းတွင် အသက် (၂၃) နှစ်အရွယ် ဆလိုင်းတင်မောင်ဦးသည် အထင်ကရလှုပ်ရှားသူများထဲ ပေါ်ထွက်လာခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ချင်းကျောင်းသားတစ်ဦးဖြစ်သူ ဆလိုင်းတင်မောင်ဦးသည် ကျောင်းသားလှုပ်ရှားမှုများနှင့် စစ်အုပ်ချုပ်မှုကိုဆန့်ကျင်သည့် အလုပ်သမားသပိတ်မှောက်မှုများတွင်ပါဝင်ခဲ့သည်။ ထိုနှစ်တွင် ကွယ်လွန်ခဲ့သော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း၏ဈာပနအခမ်းအနား ကျင်းပခွင့်ပေးရန် ငြင်းဆန်ခဲ့သည့် စစ်အာဏာရှင်နေဝင်းကို ဆန့်ကျင်ဆန္ဒပြခဲ့ခြင်းအတွက် ၁၉၇၄ ခုနှစ်တွင် စတင်ထင်ရှားလာခဲ့သည်။

ဆလိုင်းတင်မောင်ဦးသည် ၁၉၇၆ ခုနှစ်၊ မတ်လ ၂၃ ရက်တွင်ပြုလုပ်မည့် သခင်ကိုယ်တော်မှိုင်း၏ အသက် ၁၀၀ ပြည့် မှိုင်းရာပြည့်အခမ်းအနားဖြစ်မြောက်အောင် ဦးဆောင်ကြိုးပမ်းနေစဉ် ၁၉၇၆ ခုနှစ်၊ မတ်လ ၁၉ ရက်တွင် ကမာရွတ်၊ ပတ္တမြားခြံတွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထိုလှုပ်ရှားမှုတွင် ဆလိုင်းတင်မောင်ဦးအပါအဝင် ဖခင်ဖြစ်သူ ဦးမြဒင်နှင့် အစ်ကိုဖြစ်သူ ဆလိုင်းလှဆွေတို့လည်း အဖမ်းခံရသည်။ သူတို့အဖမ်းခံရပြီး ညီမဖြစ်သူ မိုင်ပိုပို ခေါ် မလှမြိုင်လည်း မှိုင်းရာပြည့်အရေးအခင်းတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သဖြင့် အဖမ်းခံခဲ့ရသည်။ စစ်အာဏာရှင်များက ဆလိုင်းတင်မောင်ဦးကို ဆိုရှယ်လစ်အစိုးရကိုဆန့်ကျင်ခြင်းသည် မှားယွင်းတဲ့လုပ်ရပ်ဖြစ်ကြောင်း၊ တော်လှန်ရေးလုပ်ငန်းစဉ်ကို စွန့်လွှတ်ကြောင်းနှင့် နောင်တရကြောင်းဖော်ပြပြီး အသနားခံစာရေးလျှင် ပြစ်ဒဏ်လျှော့ပေးမည်ဟုဆိုသော်လည်း "မင်းတို့စစ်ဖိနပ်အောက်မှာ ငါဘယ်တော့မှ ဒူးမထောက်နိုင်ဘူး၊ မင်းတို့ ငါ့ခန္ဓာကိုယ်ကိုသာ သတ်လို့ရမယ်၊ ငါ့ယုံကြည်ချက်နဲ့ ရပ်တည်ချက်ကို သတ်လို့မရဘူး" ဟု ပြန်ပြောခြင်းကြောင့် ၁၉၇၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အာဏာရှင်နေဝင်း၏အမိန့်ဖြင့် ကြိုးပေးကွပ်မျက်ခံခဲ့ရသည်။ သူ၏ကွပ်မျက်ခြင်းမတိုင်မီ ဆလိုင်းတင်မောင်ဦးက သူ၏ကျော်ကြားသော နောက်ဆုံးစကားကို ကြိုးပေးသတ်ဖြတ်သောအချိန်တွင် စီစဉ်ထားသည့်အတိုင်း ချက်ချင်းမသေလျှင်

အာဏာရှင်များကို ငါအနိုင်ယူခဲ့ပြီဟုပြောပြီး နောက်ဆုံးအချိန်ထိ တောင့်ခံတော်လှန်ခဲ့သည်။ သူသည် မြန်မာနိုင်ငံ၏ လွတ်လပ်မှုနှင့် ဖက်ဒရယ်ဒီမိုကရေစီ အတွက် သူ၏နောက်ဆုံးထွက်သက်အထိ သက်သေပြခဲ့သည်။ သူ၏ရဲစွမ်းသတ္တိက မြန်မာတို့၏ စစ်မှန်သော ရဲစွမ်းသတ္တိကို ကိုယ်စားပြုသည်။ ဆလိုင်းတင်မောင်ဦးသည် မြန်မာ့သမိုင်းတွင် ကြိုးပေးကွပ်မျက်ခံရသည့် တစ်ဦးတည်းသော ကျောင်းသားဖြစ်ခဲ့သည်။ စစ်အာဏာရှင်စနစ်အပေါ် ဆလိုင်းတင်မောင်ဦး၏ဆန့်ကျင်မှုသည် ကျောင်းသားမျိုးဆက်များအပေါ် ရေရှည်အကျိုးသက်ရောက်မှုရှိခဲ့သည်။

(၄၇)နှစ်ကြာပြီးသည့်တိုင် မြန်မာပြည်သူများသည် ဒီမိုကရေစီအရေးလှုပ်ရှားသည့် ခေါင်းဆောင်များကို ကွပ်မျက်သည့် အကြမ်းဖက် စစ်အာဏာရှင်များကို ဆန့်ကျင်ပြီး လွတ်လပ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီအတွက် ဆက်လက်တိုက်ပွဲဝင်နေကြသည်။ လွန်ခဲ့သော (၁၂)လတွင် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသည့် ခေါင်းဆောင်များဖြစ်ကြတဲ့ ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်တို့နှင့်အတူ စစ်အာဏာသိမ်းမှုကိုဆန့်ကျင်သူ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့အား အကြမ်းဖက် စစ်အာဏာရှင်များက ရက်စက်စွာ ကွပ်မျက်ခဲ့ကြသည်။ သူတို့၏ တစ်ခုတည်းသော "ရာဇဝတ်မှု" သည် အခြေခံလူ့အခွင့်အရေးလွတ်လပ်မှုဖြစ်သည့် သူတို့၏နိုင်ငံရေးခံယူချက်ကို ကျင့်သုံးခြင်းဖြစ်သည်။

လွန်ခဲ့တဲ့ (၂၇)လကျော်အတွင်း မြန်မာနိုင်ငံရှိ စစ်အာဏာရှင်များက အပြစ်မဲ့အရပ်သား ၂၃,၀၀၀ ကျော်ကို တရားမဝင် ဖမ်းဆီးခဲ့ပါသည်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်သမ္မတဦးဝင်းမြင့်အပါအဝင် အပြစ်မဲ့အရပ်သား ၂၃,၀၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထိုစစ်ဗိုလ်ချုပ်များကပင် အရပ်သား ၄,၀၀၀ ကျော်သေဆုံးမှုနှင့် ဆေးရုံများ၊ ကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်းများနှင့် ဘုန်းကြီးကျောင်းများအပါအဝင် နေအိမ်ပေါင်း ၆၇,၀၀၀ ကျော် ပျက်စီးဆုံးရှုံးခြင်းအတွက်လည်း တာဝန်ရှိသည်။ ဆလိုင်းတင်မောင်ဦး၏ လူမျိုးတို့နေထိုင်ရာ ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံ၏နေရာအနှံ့တွင် အကြမ်းဖက်စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများနှင့် မရေတွက်နိုင်သော အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကြောင့် ပြည်သူလူထုတစ်ရပ်လုံး နေရပ်စွန့်ခွာပြီး အသက်ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရသည်။ လက်ရှိအကျပ်အတည်းအပြင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် မိုခါမုန်တိုင်း၏ရိုက်ခတ်မှုကြောင့် ပြည်

သူ (၅)သန်းခန့် အသက်ကယ်ဆယ်ရေး အကူအညီ လိုအပ်လျက်ရှိသည်။ COVID-19 ကူးစက်ရောဂါ၊ မတရားစစ်အာဏာသိမ်းခြင်းနှင့် မိုခါမုန်တိုင်းတို့ကြောင့် မြန်မာနိုင်ငံသည် နေ့စဉ်နှင့် အမျှ နာကျင်ခြင်း၊ ဆင်းရဲဒုက္ခ၊ ပျက်စီးခြင်းနှင့် သေဆုံးခြင်းများ ရင်ဆိုင်နေရသည်။

အကြမ်းဖက်စစ်ကောင်စီသည် လူသားချင်း စာနာထောက်ထားမှုအကူအညီများကို ပိတ်ဆို့ခြင်းနှင့် ငတ်မွတ်ခေါင်းပါးခြင်း၊ နာကျင်မှု၊ ဆင်းရဲဒုက္ခများကို "ဖြတ်လေးဖြတ်" ပေါ်လစီတွင် လက်နက်သဖွယ် အသုံးပြုခြင်းကြောင့် အခြေအနေကို ပိုမိုဆိုးရွားစေသည်။ မိုခါဆိုင်ကလုန်းမုန်တိုင်းမတိုင်မီ ကပင် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုအခြေအနေမှာ ဆိုးရွားလာခဲ့ပြီး ကလေး (၅) သန်းအပါအဝင် ပြည်သူပေါင်း (၁၈) သန်းနီးပါးသည် အသက်ကယ်ဆယ်ရေးအထောက်အပံ့ အလွန် လိုအပ်နေသည်။ ဒါ့အပြင် ပြည်သူပေါင်း (၂) သန်းနီးပါး အိုးမဲ့အိမ်မဲ့ဖြစ်နေပြီး၊ (၁၈) သန်း ကျော်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး (၄၈) သန်းမှာ ဆင်းရဲမွဲတေမှုဒဏ်ခံစားနေကြရသည်။ ဒီအကျပ်အတည်းကို အပြည်ပြည်ဆိုင်ရာမှ ကြားဝင်ဆောင်ရွက်မှုဟာ အလွန်အရေးကြီးပါသည်။

အကြမ်းဖက်မှု အကျပ်အတည်းများဆက်တိုက်ရှိလင့်ကစား လွန်ခဲ့သောဆယ်စုနှစ်များက ဆလိုင်း တင်မောင်ဦး၏ လွတ်လပ်ရေးအတွက် စိတ်ဓာတ်ခံယူချက်သည် မြန်မာပြည်သူ (၅၄) သန်း အတွင်း၌ ရှင်သန်နေဆဲဖြစ်သည်။ ရဲစွမ်းသတ္တိရှိတဲ့ မြန်မာပြည်သူတွေဟာ လူမျိုးတုံးသတ်ဖြတ်နေသည့် အကြမ်းဖက် စစ်ကောင်စီရှေ့မှောက် လက်လျှော့အရှုံးပေးမှာ မဟုတ်တဲ့အကြောင်း မယိမ်းယိုင်တဲ့ ဆုံးဖြတ်ချက်ကို ရှင်းရှင်းလင်းလင်း သက်သေပြနေကြသည်။ သူတို့ စိတ်ကူးထားသော အနာဂတ်သည် မြန်မာနိုင်ငံရှိ ပြည်သူများအားလုံး၏ လွတ်လပ်မှုနှင့် အခွင့်အရေးများကို မြန်မာနိုင်ငံရှိ လူမျိုး၊ ဘာသာတရား၊ နောက်ခံအပေါ်မူတည်ပြီး ခွဲခြားခြင်းမရှိသော နိုင်ငံသားတိုင်းကို တန်းတူ လေးစား၊ ကာကွယ်မှုပေးသော ဖက်ဒရယ်ဒီမိုကရေစီဖြစ်သည်။ ထိုတရားမျှတမှုအတွက် အောင်မြင်မှုရရှိခဲ့လျှင်ဟု မဟုတ်ဘဲ ဘယ်အချိန်မှာ အောင်မြင်မှာလဲဟုသာ မေးရမည်ဖြစ်သည်။

မြန်မာပြည်သူလူထုသည် အကြမ်းဖက်စစ်ကောင်စီကို မုချအနိုင်ပိုင်းပြီး လွတ်လပ်မှုနှင့် ဖက်ဒရယ်ဒီမိုကရေစီ အနာဂတ်ဆီသို့ ချီတက်လိမ့်မည်။

ဆလိုင်းတင်မောင်ဦးကဲ့သို့ပင် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော မြန်မာပြည်သူလူထုသည် လွတ်လပ်မှုနှင့် ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ရာတွင် အပြည်ပြည်ဆိုင်ရာ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စစ်ကောင်စီ၏ ပြည်သူလူထုအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အကြမ်းဖက်စစ်ကောင်စီနှင့် သူ၏အပေါင်းအပါများအား ပြင်းထန်သော ပစ်မှတ်ထား အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်ရန် တိုက်တွန်းအပ်ပါသည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် International Criminal Court (ICC) ရှိ မြန်မာ့အရေးနှင့်ပတ်သက်သည့် စွဲတင်ချက်ကို International Court of Justice (ICJ) သို့ ချက်ချင်းလွှဲပြောင်းပေးဖို့နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၏ ကိုယ်စားပြုမှုကို ထောက်ခံရန် တောင်းဆိုအပ်ပါသည်။

လူ့အခွင့်အရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီတို့အတွက် အဆက်မပြတ် တိုက်ပွဲဝင်နေကြသော NUG, NUCC၊ CRPH၊ EROs၊ ဒီမိုကရေစီလှုပ်ရှားသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် လွတ်လပ်သောသတင်းမီဒီယာများကို ထောက်ခံအားပေးရန် အိမ်နီးချင်းနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအား တောင်းဆိုအပ်ပါသည်။ လူသားချင်းစာနာထောက်ထားသည့် အကူအညီများရရှိနိုင်ရန်အတွက် နယ်စပ်များဖွင့်ပေးရန်နှင့် မြန်မာနိုင်ငံသာမက ဒေသအတွင်း၌ ငြိမ်းချမ်းရေး၊ ကြွယ်ဝချမ်းသာခြင်းနှင့် ငြိမ်သက်နိုင်ရန် လူ့အခွင့်အရေးကို လေးစားပြီး တရားမဝင်ဖမ်းဆီးသူများအားလုံးကို လွှတ်ပေးရန် စစ်ကောင်စီအား ဖိအားပေးဖို့ တောင်းဆိုအပ်ပါသည်။

နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မြန်မာနိုင်ငံအိမ်နီးချင်းနိုင်ငံများအနေဖြင့် ဒေသအတွင်းကောင်းကျိုးနှင့် တည်ငြိမ်ရေးအတွက် မြန်မာနိုင်ငံရှိ အကျပ်အတည်းကို အဆုံးသတ်ရန် တတ်နိုင်သမျှလုပ်ဆောင်ရာတွင် အမျိုးသားညီညွတ်ရေးအစိုးရအား အသိအမှတ်ပြုဖို့ အရေးကြီးပါသည်။ ယူကရိန်းနိုင်ငံတွင်တွေ့ရသည့်အတိုင်း အလားတူ ဆောင်ရွက်ချက်များနှင့် နည်းလမ်းများကို

မြန်မာနိုင်ငံ၏ လွတ်လပ်မှုရရှိရန်အတွက် ကူညီပေးရန်နှင့် အာရှ-ပစိဖိတ်ဒေသတွင် ကြာမြင့်စွာ ဆက်လက်တည်ရှိနေသော ဤအကျပ်အတည်း၊ နာကျင်မှုနှင့် ဆင်းရဲမှုဝေဒနာများကို အဆုံးသတ်ရန် မြန်မာနိုင်ငံကို ကူညီပေးဖို့ရန် တောင်းဆိုအပ်ပါသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု NDAA Burma Act၊ UN Security Council Resolution on Myanmar နှင့် ASEAN five-point consensus တို့၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုရမည်။ ဤဆုံးဖြတ်ချက်များကို မြန်မာ့မြေပြင်တွင် အကောင်အထည်ဖော်ရေးကို ထောက်ပံ့ပေးခြင်းသည် လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်း၊ လူ့အခွင့်အရေး အကျပ်အတည်း၊ ဒီမိုကရေစီ ပြန်လည်ထူထောင်ရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တရားမျှတမှုကို တည်ထောင်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါလိမ့်မည်။

မြန်မာနိုင်ငံသား ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦး ရက်ရက်စက်စက် ကွပ်မျက်ခံခဲ့ရခြင်း (၄၇)ကြိမ်မြောက် နှစ်ပတ်လည်နေ့မှာ မြန်မာနိုင်ငံမှာ ပိုမိုနက်ရှိုင်းလာတဲ့အခြေအနေတွေနဲ့အတူ အပြည်ပြည်ဆိုင်ရာမှ အရေးပေါ်အာရုံစိုက်မှုနဲ့ အားကောင်းတဲ့ တုံ့ပြန်မှုကို တောင်းဆိုပါသည်။ လူ့အခွင့်အရေး၊ လွတ်လပ်မှုနဲ့ ဖက်ဒရယ်ဒီမိုကရေစီအတွက် ရပ်တည်ခြင်းအားဖြင့် မြန်မာနိုင်ငံမှာ စစ်အာဏာရှင်နှင့် ၎င်း၏စစ်တပ်မှ လူသားမျိုးနွယ်အပေါ် ကျူးလွန်နေသည့် ရာဇဝတ်မှုတွေကို အဆုံးသတ်ပြီး တရားမျှတမှုနှင့် ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်ပေးခြင်းအားဖြင့် ဒီမိုကရေစီကို မြန်မာနိုင်ငံတွင် ပြန်လည်ထူထောင်နိုင်မည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

ဒေါက်တာဆာဆာ

ပြည်ထောင်စုဝန်ကြီး

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ